# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 6, 2019 Volume 17, Number 4


၆.၃.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၉ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၇/ကျပ် |
| CBM Rate | = ၁၅၁၆.၉/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၅.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၇.၃ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၉၄.၉ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၅၆.၄ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၅.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၁၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၀၆ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၄.၃၆ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၀.၆၁ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၅၆၇ကျပ် |

Source: CBM Rate. etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀

ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## ကူးစက်ရောဂါ ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် အာဖရိကဝက် အပြင်းဖျားရောဂါကို ကြိုတင်ကာကွယ်ရမည့် စာရင်းဝင် ကူးစက်ရောဂါအဖြစ် ထုတ်ပြန်ကြေညာခြင်း

အိမ်နီးချင်းတရုတ်နိုင်ငံနှင့်မွန်ဂိုလီးယားနိုင်ငံတို့တွင် ပျံ့နှံ့ဖြစ်ပွား နေသည့် အာဖရိကဝက်အပြင်းဖျား ရောဂါ (African Swine Fever) ကို ကြိုတင်ကာကွယ်ထားရမည့် စာရင်းဝင်ကူးစက်ရောဂါအဖြစ် သတ်မှတ် လိုက်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ထုတ်ပြန်ကြေညာ လိုက်သည်။

တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ သတ်မှတ်ထားသည့် လုပ်ပိုင်ခွင့်အတိုင်း အဆိုပါ အာဖရိကဝက်အပြင်းဖျားရောဂါကို စာရင်းဝင် ကူးစက်ရောဂါအဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ထိုသို့ ဥပဒေအရ စာရင်းဝင်ကူးစက်ရောဂါအဖြစ် ကြေညာလိုက်မှ သာလျှင် ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သော ကြောင့် ၎င်းလုပ်ငန်းများလုပ်ကိုင်နိုင်ရန် ကြေညာရခြင်းဖြစ်ကြောင်း မွေးမြူရေး နှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖုံထွေးက ပြောသည်။ ၂၀၁၇ ခုနှစ်ခန့်ကစတင်ပြီး အာဖရိက နိုင်ငံတွင် အတွေ့ရများသည့် ဝက်အပြင်းဖျားရောဂါမှာ ယခင်က အာဖရိက တွင်သာ အဖြစ်များခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ကူးစက် ရောက်ရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ဩဂုတ်လခန့်မှ စတင်တွေ့လာရသည့် အဆိုပါရောဂါမှာ ယခုနှစ်အထိ ဖြစ်ပွားမှုများ လာနေပြီး တရုတ်နိုင်ငံ ပြည်နယ်ပေါင်း ၂၀ ကျော်တွင် ရောဂါဖြစ်ပွား၍ ဝက်ကောင်ရေ တစ်သန်းခန့် သုတ်သင်ခဲ့ရသည်။ မြန်မာနိုင်ငံနှင့် အနီးစပ်ဆုံးဖြစ်သည့် ယူနန်ပြည်နယ်တွင် အဆိုပါ အာဖရိကဝက် အပြင်းဖျားရောဂါကို တွေ့ရှိနေပြီဖြစ်ကြောင်း ဦးအောင်ဖုံထွေးက ပြော သည်။

နောက်ပိုင်းတွင် မွန်ဂိုလီးယားနိုင်ငံတွင်လည်း အဆိုပါရောဂါ ကူးစက်လာသည့်အပြင် ယခုနှစ် ဖေဖော်ဝါရီလတွင် ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းတွင် အဆိုပါရောဂါရောက်ရှိနေကြောင်း သိရှိရသည်ဟု ၎င်းကပြောသည်။

“ကျွန်တော်တို့နဲ့ ဆက်စပ်ဆောင်ရွက်ရတဲ့ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့တို့၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့တို့ဆီကနေမှ တရုတ်နိုင်ငံနဲ့ နယ်စပ်ချင်းထိစပ်နေတဲ့ နိုင်ငံတွေမှာ ဒီရောဂါ ကြိုတင် ကာကွယ်ရေး ဆောင်ရွက်ဖို့၊ လိုအပ်တဲ့ကြိုတင်ပြင်ဆင်ရေးလုပ်ဖို့ သူတို့က ဓာတ်ခွဲခန်း အထောက်အပံ့တွေ ပေးတာရှိတယ်။ ကြိုတင်ပြင်ဆင်ရေး ဆောင်ရွက်ရမှာတွေရှိတယ်။ ဒီရောဂါက မိမိနိုင်ငံမှာ မဖြစ်ပွား သေးပေမယ့်လို့ ရောက်ရှိမလာရေးအတွက်နဲ့ ပြည်သူလူထုအတွင်းမှာ ဒီရောဂါ အသိပညာပေးတွေ လုပ်ထားဖို့၊ အခုနယ်စပ်တွေမှာ တရားမဝင် တင်သွင်းတာတွေရှိတယ်။ တရားမဝင်ဆိုတာ နယ်စပ်ပေါက်က ရှိနေသလို လေဆိပ်တွေမှာ ခရီးသည်တွေက မိမိတို့စားဖို့ဆိုပြီး ဝက်ပေါင်ခြောက်တွေ၊ ဝက်အူချောင်းလေးတွေ တစ်ပိုင်တစ်နိုင် သယ်လာတာတွေရှိတယ်လေ။ ကျွန်တော်တို့စိုးရိမ်တဲ့ ဒီရောဂါဟာ ဝက်ပေါင်ခြောက်တို့ ဝက်အူချောင်းတို့မှာ အချိန်ကာလလနဲ့ချီပြီး အသက်ရှင်နိုင်တယ်ဆိုတာ တွေ့ရတယ်။ ဒီရောဂါကို နယ်စပ်ပေါက်တွေနဲ့ လေဆိပ်တွေမှာ ဟန့်တားဖို့၊ လိုအပ်တဲ့အရေးယူ ဆောင်ရွက်မှုတွေလုပ်ဖို့ဆိုတာ ဥပဒေအရ ဒီရောဂါကို စာရင်းဝင်ရောဂါအဖြစ် သတ်မှတ်ထားမှသာလျှင် ဆောင်ရွက်လို့ရပါတယ်” ဟု ဦးအောင်ဖုံထွေးက ပြောသည်။

ထို့ပြင် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့က အဆိုပါရောဂါကို ကာကွယ်ရမည့်စာရင်းဝင်ရောဂါအဖြစ် သတ်မှတ်ထားရန် ညွှန်ကြားထားကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် အဆိုပါရောဂါဝင်ရောက် ဖြစ်ပွားသည့် အထောက်အထားမတွေ့ရသေး၊ မဖြစ်ပွားသေးသော်လည်း ကြိုတင်ကာကွယ်ရန်နှင့် ဖြစ်ပွားလာလျှင် ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် နယ်စပ်ဒေသများတွင် ဝက်သားများတရားမဝင် ဝင်ရောက်နေမှုကို သက်ဆိုင်သည့် အခြားဌာနများနှင့် ပူးပေါင်းပြီး ထိရောက်စွာဆောင်ရွက်နိုင်ရန် စာရင်းဝင်ရောဂါအဖြစ် ကြိုတင်သတ်မှတ်ထားခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

တရုတ်နိုင်ငံတွင် အဆိုပါဝက်အပြင်းဖျားရောဂါဖြစ်ပွားမှုကြောင့် တရုတ်နိုင်ငံမှ အအေးခဲဝက်သားများ၊ ဝက်သားပါဝင်သည့် စားသောက်ကုန်များကို တင်သွင်းခြင်းမပြုရန် မြန်မာနိုင်ငံဘက်က ပိတ်ပင် တားမြစ်ထားသည်။

**Source: www.the farmer journal**

## ၁၀ လအတွင်း မြန်မာ့ကုန်ထုတ်လုပ်မှုကဏ္ဍတိုးတက်မှုအမြင့်ဆုံးသို့ရောက်

မြန်မာ့ကုန်ထုတ်လုပ်မှုကဏ္ဍရဲ့ တိုးတက်မှုကတော့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလမှာတော့ (၁၀)လတာ အတွင်း အမြင့်ဆုံးသော လယ်ဗယ်ကို ရောက်ရှိလာတယ်လို့ စစ်တမ်းတစ်ရပ်အရ သိရပါတယ်။ ဒါဟာ ဝယ်လိုအား မြင့်တက်ခဲ့ခြင်းကြောင့်ဖြစ်တယ်လို့လည်းသိရပါတယ်။ Nikkei Myanmar Manufacturing Purchasing Managers’ Index (PMI) အညွှန်းကိန်းကတော့ ဇန်နဝါရီလက ၅၁.၉ ကနေ ဖေဖော်ဝါရီလမှာ ၅၃.၁ အထိ တက်လာခဲ့တယ်လို့ သိရပါတယ်။ PMI အညွှန်းကိန်း ၅၀ အထက်ဆိုရင် ကုန်ထုတ်လုပ်မှု အားကောင်းတယ်၊ စီးပွားရေး တိုးတက်တယ်၊ ၅၀ အောက်ဆိုရင် ကုန်ထုတ်လုပ်မှု ကျဆင်းသွားတယ်လို့ သတ်မှတ်တာဖြစ်ပါတယ်။

ယခု အညွှန်းကိန်း ၅၃.၁ ကတော့ ၂၀၁၈ ဧပြီလနောက်ပိုင်း အမြင့်ဆုံး ဖြစ်တယ်လို့လည်း သိရပါတယ်။ယခုလို ထုတ်လုပ်မှုကဏ္ဍ တိုးတက်လာခြင်းကတော့ ဝယ်လိုအားကောင်းမှု၊ ကုန်အမှာစာ မြင့်တက်မှုတို့ကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဆောက်လုပ်ရေးကဏ္ဍမှာလည်း သိသိသာသာ တိုးတက်ခဲ့တယ်လို့ တစ်ချို့က မှတ်ချက်ပြုပါတယ်။

**Source:**[https://www.markiteconomics.com/Survey/PressRelease](https://www.markiteconomics.com/Survey/PressRelease)

## ၁၀ လအတွင်း မြန်မာ့ကုန်ထုတ်လုပ်မှုကဏ္ဍတိုးတက်မှုအမြင့်ဆုံးသို့ရောက်

မြန်မာ့ကုန်ထုတ်လုပ်မှုကဏ္ဍရဲ့ တိုးတက်မှုကတော့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလမှာတော့ (၁၀)လတာ အတွင်း အမြင့်ဆုံးသော လယ်ဗယ်ကို ရောက်ရှိလာတယ်လို့ စစ်တမ်းတစ်ရပ်အရ သိရပါတယ်။ ဒါဟာ ဝယ်လိုအား

မြင့်တက်ခဲ့ခြင်းကြောင့်ဖြစ်တယ်လို့လည်းသိရပါတယ်။ Nikkei Myanmar Manufacturing Purchasing Managers' Index (PMI) အညွှန်းကိန်းကတော့ ဇန်နဝါရီလက ၅၁.၉ ကနေ ဖေဖော်ဝါရီလမှာ ၅၃.၁ အထိ တက်လာခဲ့တယ်လို့ သိရပါတယ်။ PMI အညွှန်းကိန်း ၅၀ အထက်ဆိုရင် ကုန်ထုတ်လုပ်မှု အားကောင်းတယ်၊ စီးပွားရေး တိုးတက်တယ်၊ ၅၀ အောက်ဆိုရင် ကုန်ထုတ်လုပ်မှု ကျဆင်းသွားတယ်လို့ သတ်မှတ်တာဖြစ်ပါတယ်။

ယခု အညွှန်းကိန်း ၅၃.၁ ကတော့ ၂၀၁၈ ဧပြီလနောက်ပိုင်း အမြင့်ဆုံး ဖြစ်တယ်လို့လည်း သိရပါတယ်။ယခုလို ထုတ်လုပ်မှုကဏ္ဍ တိုးတက်လာခြင်းကတော့ ဝယ်လိုအားကောင်းမှု၊ ကုန်အမှာစာ မြင့်တက်မှုတို့ကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် ဆောက်လုပ်ရေးကဏ္ဍမှာလည်း သိသိသာသာ တိုးတက်ခဲ့တယ်လို့ တစ်ချို့က မှတ်ချက်ပြုပါတယ်။

**Source:**https://www.markiteconomics.com/Survey/PressRelease

## ကျောက်စိမ်းအရည်အပွင့် (အစီး) လိုင်း ဈေးကွက်သိပ်မကောင်းတာ ဘာကြောင့်လဲ

ယုံကြည်မှုကို အလွဲသုံးစားလုပ်သူအချို့ရဲ့ ဖြစ်ရပ်တွေကြောင့် မန္တလေးမဟာအောင်မြေ ကျောက်ဝိုင်း ကျောက်စိမ်း အရည်အပွင့် (အစီး) လိုင်းအရောင်းအဝယ် ဈေးကွက်ဟာ ဈေးကွက် ကောင်းသင့်သလောက် ကောင်းမွန်ခြင်း မရှိဖြစ်နေတယ်လို့ ဝါရင့် ကျောက်စိမ်းဝယ်ရောင်းအချို့က ဆိုပါတယ်။
ပိုင်ရှင်က ယုံကြည်စွာအပ်နှံထားတဲ့ ကျောက်စိမ်းပစ္စည်းတွေကို ပိုင်ရှင်ထံပြန်မအပ်တဲ့ဖြစ်စဉ်တွေ ပြီးခဲ့တဲ့လပိုင်းက ကျောက်ဝိုင်းမှာ ဖြစ်ပွားခဲ့တယ်လို့သိရပါတယ်။

"အပွင့်လိုင်းဘက်က သိပ်မကောင်းဘူး၊ သတင်းတွေ ဘာတွေမှာလဲပါတယ်၊ လိမ်တဲ့သူ နှစ်ယောက် သုံးယောက်က သိန်း ၂၀,၀၀၀ ဖိုးလောက်အထိ လိမ်တယ်ဆိုတဲ့ အသံကြားတော့ ခုဟာက အရည်လုပ်တဲ့သူက တစ်ယောက်နဲ့တစ်ယောက် လက်ဆွဲနှုတ်ဆက်ရမှာကို ကြောက်နေတယ်၊ သိပ်မကြာသေးဘူး၊ နှစ်ကူးတဲ့လအတွင်း တစ်လပိုင်းနဲ့နှစ်လပိုင်းကြားမှာ ဖြစ်သွားတာ၊ တစ်ယောက်က သိန်း၈၀၀၀ဖိုးလောက် တစ်ယောက်က ၂၀,၀၀၀ လောက် လိမ်ခံရတယ်ဆိုတဲ့ သတင်းတွေပေ့ါ၊ အဲဒီလိုလေးတွေဖြစ်တာခုတော့တချို့တစ်ဝက်ပြန်ပေးတယ်၊ တချို့လဲဆုံးတာပေ့ါ၊ အဲဒီလိုလေးတွေဖြစ်တော့ ကျောက်ဝိုင်း (အရည်အစီးလိုင်း) မှာ အရောင်းအဝယ်က ကောင်းချင်တယ်၊ ယုံကြည်မှုအားနည်းနေတာ" လို့ အရည်အစီးလိုင်း ကျောက်စိမ်း အရောင်းအဝယ် လုပ်ငန်းရှင် တစ်ဦးက ပြောပါတယ်။

ငွေကြေး အရှုပ်အရှင်းဂယက်ကြောင့် အပွင့်လိုင်းမှာ အရောင်းအဝယ် ကျဆင်းတယ်ဆိုပေမဲ့ ကျောက်ဝိုင်း အရောင်းအဝယ် ဈေးကွက် လက်ကောက်လိုင်းနဲ့ လွှာချပ် လိုင်းတွေမှာတော့ သည်ရက်ပိုင်း အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရပါတယ်။

**Source:** https://www.kumudranews.com.32550

## အမေရိကန်စိုက်ပျိုးရေးထုတ်ကုန်တွေအပေါ် အခွန်တွေ ရုပ်သိမ်းရေး Trump က တရုတ်ကိုတောင်းဆို

အမေရိကန် စိုက်ပျိုးရေးထုတ်ကုန်တွေအပေါ် ချမှတ်ထားတဲ့ အခွန် အကောက်တွေ အားလုံးကို ချက်ချင်းရုပ်သိမ်းပေးဖို့ အမေရိကန်သမ္မတ Donald Trump က တရုတ်ကို တိုက်တွန်း တောင်းဆိုလိုက်ပါတယ်။ လက်ရှိနှစ်နိုင်ငံ ကုန်သွယ်ရေး ဆွေးနွေးမှုတွေဟာ အခြေအနေကောင်းစွာ တိုးတက်နေတဲ့ အတွက် ခုလိုအခွန်တွေ ရုပ်သိမ်းရေးတောင်းဆိုတာဖြစ်တယ်လို့ Trump က ဆိုပါတယ်။ တစ်ချိန်တည်းမှာလည်းပဲ တရုတ်ကုန်ပစ္စည်းတွေအပေါ် ၂၅ ရာခိုင်နှုန်း အခွန်အကောက်တွေပြဌာန်းဖို့ အစီအစဉ်ကို ၎င်းအနေနဲ့ ဆိုင်းငံ့ ထားကြောင်းလည်း ပြောသွားပါတယ်။

ကျွန်တော်တို့ရဲ့ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်တွေ (ဂက်သား ၊ အမဲသား အပါအဝင်) အပေါ်ချမှတ်ထားတဲ့ အခွန်အကောက်အားလုံးကို ချက်ချင်းဖယ်ရှား ပေးဖို့ ကျွန်တော်တရုတ်အစိုးရကို တောင်းဆိုထားပါတယ်၊ ခုဆိုရင်ကျွန်တော်တို့ အကြား ကုန်သွယ်မှုဆွေးနွေးမှုတွေဟာလည်း အခြေအနေ အတော်တိုးတက်နေ ပါပြီ" လို့ Trump

က တွစ်တာကနေတဆင့် ရေးသားထားခဲ့ပါတယ်။

ဒ့ါအပြင် မူလစီစဉ်ထားတဲ့ မတ်လ ၁ ရက်မှာ တရုတ်ကုန် စည်တွေအပေါ် အခွန် ၁၀ ရာခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်း တိုးမယ့်ကိစ္စကို မလုပ်သေးဘဲ ဆိုင်းငံ့ထားပါကြောင်း ၎င်းကထပ်လောင်း ပြောသွားခဲ့ ပါတယ်။

**Source:** https://www.channelnewsasia.com/news/business

## စတော့ဈေးကွက်ထဲ ကျဆင်းမှုတွေကြောင့် တရုတ်မှာဘီလျံနာဦးရေ ၁၆၀ ကျော် လျော့ကျသွား

မကြာသေးခင်က တရုတ်ရဲ့ စတော့ဈေးကွက် ကျဆင်းပြီး တည်ငြိမ်မှု လျော့ကျလာတဲ့ အခြေအနေ တွေကြောင့် နိုင်ငံတွင်းက ဘီလျံနာတွေအပေါ် အကြီးအကျယ် ထိခိုက်စေခဲ့တယ်လို့ သိရပါတယ်။

ယမန်နှစ် ၂၀၁၈ မှာတော့ စတော့ဈေးကွက်ကျဆင်းမှုကြောင့် ထိုင်ဝမ်၊ ဟောင်ကောင်အပါအဝင် တရုတ်ပြည်မကြီးမှာ ဘီလျံနာဦးရေဟာ ၁၆၁ ဦး လျော့ကျသွားခဲ့တယ်လို့ ကြွယ်ဝမှု သုတေသနလုပ်ငန်း Hurun Report အရ သိရပါတယ်။

ဒါဟာ နိုင်ငံရဲ့စတော့ဈေးကွက်တွေမှာ ၂၅ ရာခိုင်နှုန်းကျော် တန်ဖိုး ကျဆင်းပြီး နိုင်ငံသုံး ငွေကြေးတန်ဖိုး ကျဆင်းမှုတို့ကြောင့် ယမန်နှစ်က တရုတ် ကြွယ်ဝမှုတန်ဖိုးလျော့ကျသွားခဲ့ရတာ ဖြစ်ပါ တယ်။

နိုင်ငံစီးပွားရေး နှေးကွေးမှု၊ အမေရိကန်နဲ့အကြား ကုန်သွယ်ရေးစစ်ဖြစ်မှုတို့အပေါ် စိုးရိမ်ပူပန်မှုတွေကြောင့် ၂၀၁၈ ခုနှစ်က တရုတ်ဘဏ္ဍာရေးဈေးကွက်တွေအပေါ် သိသိသာသာ လှုပ်ခတ်စေခဲ့တာ ဖြစ်ပါတယ်။ယင်းအတွက် ကြောင့် ယခုအခါ တရုတ်ဘီလျံနာဦးရေဟာ ယခင် ၈၁၉ ဦးကနေ ယခု ၆၅၈ ဦးသာ ရှိတော့ တယ်လို့ သိရပါတယ်။

Source: https://edition.cnn.com/2019/02/27/business/china-hurun-rich-list/index.html

## ဖိလစ်ပိုင်ပီဆိုက အာရှဒေသစွမ်းဆောင်ရည်အကောင်းဆုံး ငွေကြေးဖြစ်လာ

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလမှာတော့ ဖိလစ်ပိုင်နိုင်ငံသုံးငွေကြေးပီဆိုကတော့ အာရှဒေသတွင်း စွမ်းဆောင်ရည် အကောင်းဆုံးသော ငွေကြေးဖြစ်လာခဲ့တယ်လို့သိရပါတယ်။

ဒါဟာ နိုင်ငံစီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေ နောက်ပိုင်း ၁၃ နှစ်ကြာ တန်ဖိုးကျနေရာကနေ အတက်ဘက် ပြန်ရောက်လာနိုင်ခဲ့ပြီးနောက် ယခုလို ဒေသတွင်း စွမ်းဆောင်ရည်အကောင်းဆုံး ငွေကြေးအဖြစ် ရောက်ရှိလာခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။

အဆိုပါ ဖိလစ်ပိုင် နိုင်ငံသုံးငွေကြေးဟာဆိုရင် ဖေဖော်ဝါရီလက ၀ ဒသမ ၈ ရာခိုင်နှုန်း တက်လာပြီး တစ်ဒေါ်လာ ကို ၅၁ ဒသမ ၇၀ ထိ ရှိလာခဲ့တာကြောင့် အာရှဒေသတွင်း နိုင်ငံသုံးငွေကြေးတွေထဲမှာ အကောင်းဆုံးသော အခြေအနေကို ပြသနိုင်ခဲ့တာဖြစ်ပါတယ်။ ယင်းဟာ ယခုနှစ်စပိုင်းနောက်ပိုင်းကတည်းက တန်ဖိုးတက်လာနေခဲ့တာ ဖြစ်ပါတယ်။

"ဒီပီဆိုက သိပ်မကြာသေးခင်ကမှ အားကောင်းလာခဲ့တာပါ၊ ဆက်ပြီးတော့လည်း ဒေသတွင်းမှာ တစ်ခြား ငွေကြေးတွေထက် အားကောင်းနေဦးမယ်လို့ မျှော်လင့်ရပါတယ်" ဆိုပြီး မနီလာရှိ Rizal Commercial Banking Corp က စီးပွားရေးပညာရှင် Mike Ricafort က ပြောသွားပါတယ်။

**Source:**https://www.bloomberg.com/news/articles

## အမေရိကန်ကုမ္ပဏီတွေ လုပ်ငန်းခွင်ထဲမှာ စက်ရုပ်အသုံးပြုနိုင်းစေမှု စံချိန်တင်မြင့်တက်

ပြီးခဲ့တဲ့နှစ်မှာတော့ အမေရိကန် ကုမ္ပဏီလုပ်ငန်းတွေရဲ့ စက်ရုပ်အလုပ်သမားအသုံးပြုမှုဟာ စံချိန်တင် မြင့်တက် ခဲ့တယ်လို့ သိရပါတယ်။ ယမန်နှစ် ၂၀၁၈ ခုနှစ်မှာတော့ ၂၀၁၇ နဲ့ယှဉ်ရင် အမေရိကန် ကုမ္ပဏီတွေဟာ ယင်းတို့ရဲ့ လုပ်ငန်းခွင်တွေထဲမှာ စက်ရုပ်တွေကို ပိုမိုဖြန့်ကျက် အသုံးပြုလာခဲ့တယ်လို့ သိရပါတယ်။

အမေရိကန် အလုပ်ရုံတွေမှာတော့ အဖိုးချိုသာပြီး ပိုပြီး ပြုလွယ်ပြင်လွယ်ရှိတဲ့ စက်တွေဟာလုပ်ငန်းအရွယ် အစားမျိုးစုံမှာ ထိရောက်စွာပိုမိုပံ့ပိုးကူညီလာနေနိုင်လျက်ရှိပါတယ်။

နိုင်ငံတွင်းကို စက်ရုပ်တင်သွင်းမှုကတော့ ၂၀၁၇ ကထက် ၁၆ ရာခိုင်နှုန်းနီးပါးကျော် မြင့်တက်လာခဲ့ကြောင်း လည်း အဆင့်မြင့်အလိုအလျောက်စနစ်အသုံးပြုရေးအဖွဲ့ကထုတ်ပြန်ပါတယ်။

လက်ရှိအချိန်မှာ ကျပ်တည်းတဲ့ အလုပ်သမားဈေးကွက်ထဲမှာ လုပ်သားကုန်ကျစရိတ်တွေ လျှော့ချနိုင်ဖို့အတွက် ကုမ္ပဏီတွေအနေနဲ့ အလိုအလျောက်စနစ်ပိုမိုအသုံးပြုရေး ဖိအားတွေအောက် ကျရောက်နေလျက်ရှိပါတယ်။

**Source:** https://www.channelnewsasia.com/news

## မလေးရှားစီးပွားရေးမှာ ခရီးသွားလုပ်ငန်းရဲ့ ထည့်ဝင်နိုင်မှု သိသိသာသာ တိုးတက်လာ

မလေးရှားရဲ့ ခရီးသွားလုပ်ငန်းကတော့ ယမန်နှစ်တုန်းကနိုင်ငံရဲ့ စီးပွားရေးအပေါ်မှာ ရင်းဂစ် ၈၄ ဒသမ ၁ ဘီလီယံ(ဒေါ်လာ ၂၀ ဒသမ ၇ ဘီလီယံ) အထိ ထည့်ဝင်ပေးနိုင်ခဲ့ပြီး ဒါဟာ အစောပိုင်းတစ်နှစ်က ရင်းဂစ် ၈၂ ဒသမ ၂ ဘီလီယံထက် ၂ ဒသမ ၄ ရာခိုင်နှုန်း တက်လာခဲ့တာဖြစ်ပါတယ်။

ယမန်နှစ်က ယင်းနိုင်ငံဆီ ခရီးသွားအများဆုံး လာရောက်တဲ့ နိုင်ငံတွေကတော့ စင်ကာပူ၊ အင်ဒိုနီးရှား၊ တရုတ်၊ ထိုင်း၊ ဘရူနိုင်း၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဂျပန်နဲ့ ထိုင်ဝမ် တို့ အသီးသီး ရပ်တည်နေတယ်လို့ သိရပါတယ်။ ၂၀၁၇ နဲ့ ယှဉ်ရင် ၂၀၁၈ မှာ မလေးရှားဆီ နိုင်ငံတကာခရီးသွား ဝင်ရောက်မှု အနည်းငယ် ကျဆင်းခဲ့ပေမယ့် ခရီးသွားတွေရဲ့ တစ်ဦးချင်း သုံးစွဲငွေ ကတော့ ၂ ဒသမ ၉ ရာခိုင်နှုန်းလောက် တက်လာတယ်လို့ မလေးရှား ခရီးသွားဝန်ကြီး Mohamaddin Ketapi က ပြောပါတယ်။

ခရီးသွားတွေရဲ့ တစ်ဦးချင်းအသုံးစရိတ်အမြင့်ဆုံးကတော့ အနောက်အာရှဖြစ်ပြီး အနိမ့်ဆုံးကတော့ အရှေ့တောင်အာရှဖြစ်တယ်လို့ ၎င်းကဆိုပါတယ်။

မလေးရှားအနေနဲ့ ယခုနှစ်မှာတော့ ခရီးသွား ၂၈ ဒသမ ၁ သန်း ကြိုဆိုနိုင်ဖို့နဲ့ ခရီးသွားလုပ်ငန်း ဝင်ငွေ ရင်းဂစ် ၉၂ ဒသမ ၂ ဘီလီယံအထိ ရဖို့ မျှော်မှန်းထားတယ်လို့သိရပါတယ်။

**Source:** https://www.channelnewsasia.com/news

## ကမ္ဘာ့အကြီးဆုံးသော ရေပေါ် solar farms တွေ ထိုင်းတည်ဆောက်မည်

အရှေ့တောင်အာရှရဲ့ ဒုတိယအကြီးဆုံး စီးပွားရေးနိုင်ငံကို အားပေးမြှင့်တင်သွားနိုင်ဖို့အတွက် ရည်ရွယ်ပြီး ကမ္ဘာ့အကြီးဆုံး ရေပေါ် solar farms တွေ တည်ဆောက်သွားဖို့ ထိုင်းအစိုးရ စီစဉ်နေတယ်လို့ သိရပါတယ်။

ဒါဟာ သန့်ရှင်းသော စွမ်းအင်ကို ပိုမို ထုတ်လုပ်နိုင်ရေးကိုလည်း ရည်ရွယ်တယ်လို့ သိရပါတယ်။လာမယ့် ၂၀၃၇ မတိုင်ခင် ရေအားလျှပ်စစ်ဆည် ရေလှောင်ကန် ကိုးခုမှာ solar farms ၁၆ ခုကို နိုင်ငံပိုင် လျှပ်စစ် ထုတ်လုပ်ရေး အာဏာပိုင်အဖွဲ့ EGAT က တည်ဆောက်သွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

အဆိုပြုထားတဲ့ စီမံကိန်းအများစုကတော့ လက်ရှိ ကမ္ဘာ့အကြီးဆုံး ရေပေါ် solar farm စနစ် အရွယ်အစားထက် နှစ်ဆ ကျော် ပိုကြီးတယ်လို့လည်း သိရပါတယ်။

တည်ဆောက်ပြီးစီးသွားရင်တော့ ယင်းဟာ နိုင်ငံရဲ့သန့်ရှင်းသောစွမ်းအင်ရင်းမြစ်ရဲ့ ဆယ်ပုံတစ်ပုံလောက် ကို ထည့်ဝင်ပေးနိုင်ဖို့ရှိတယ်လို့လည်းသိရပါတယ်။

**Source:** https://www.bangkokpost.com/news

## ၂၀၁၉ မှာ ဂျီဒီပီတိုးတက်မှု ထပ်မံနှေးကွေးဖို့ရှိနေချိန် အခွန်အကောက်တွေလျှော့ချဖို့ တရုတ်စီစဉ်

နိုင်ငံစီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကိုလျှော့ချလိုက်ပြီး အခွန်အကောက်တွေ လျှော့ချဖြတ်တောက်သွားမှာ ဖြစ်ကြောင်း တရုတ်အစိုးရက ထုတ်ဖော်လိုက်ပါတယ်။

လက်ရှိ ကမ္ဘာ့ဒုတိယအင်အားကြီး စီးပွားရေးနိုင်ငံအနေနဲ့စီးပွားရေး တိုးတက်မှုနှေးကွေးနေခြင်း၊ အမေရိကန်နဲ့ အကြား ကုန်သွယ်ရေးစစ်တစ်ခုဖြစ်နေခြင်းတို့နဲ့ ရင်ဆိုင်လုံးပန်းနေရလျက်ရှိပါတယ်။

တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် အစည်းအဝေးကနေ ထုတ်ပြန်လိုက်တဲ့ အစီရင်ခံစာတစ်စောင်ထဲမှာတော့ ယခုနှစ် ၂၀၁၉ အတွက် စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကို ၆ ဒသမ ၀ ကနေ ၆ ဒသမ ၅ ဆိုင်ပြီး ခန့်မှန်းထားပါတယ်။

လက်ရှိမှာ စီးပွားရေး တိုးတက်မှုနှေးကွေးနေမှုနဲ့ အမေရိကန်နဲ့အကြား ကုန်သွယ်ရေးစစ်တစ်ခုဖြစ်နေခြင်းတို့က တရုတ်သမ္မတ Xi Jinping အတွက် အဓိက စိန်ခေါ်မှုတွေဖြစ်နေပါတယ်။ တရုတ်အစိုးရအနေနဲ့ ၂၀၁၈ တုန်းက စီးပွားရေးတိုးတက်မှု လျာထားချက်ကို ၆ ဒသမ ၅ ဝန်းကျင် သတ်မှတ် ခဲ့ပြီး တရားဝင်တိုးတက်မှု ၆ ဒသမ ၆ ရရှိခဲ့ပါတယ်။ သို့ပေမယ့် ယင်းကလည်း ဆယ်စုနှစ်သုံးစုအတွင်း အနှေးကွေးဆုံးနှုန်းဖြစ်တယ်လို့သိရပါတယ်။

**Source:** https://www.bangkokpost.com/news/world/1639446/

## STOCK EXCHANGE (6.3.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 6th Mar. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | -300 | -3.41% | 8,800 | 8,800 | 8,500 | 435 | 3,717,900 | 27,112,747 | 230,458 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 10,071 | 28,703,850 | 38,929,150 | 112,895 |
| MCB | 00003 | 7,200 | -100 | -1.37% | 7,200 | 7,200 | 7,200 | 361 | 2,599,200 | 10,400,986 | 74,887 |
| FPB | 00004 | 21,500 | -500 | -2.27% | 21,500 | 22,000 | 21,000 | 194 | 4,077,000 | 2,472,053 | 53,149 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 157 | 416,050 | 12,212,906 | 32,364 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 368.99 | -7.62 | -2.02% | 373.52 | 373.52 | 368.99 | 11,218 | 39,514,000 | 5 | 503,753 |


**Index chart**



## Market Overview

As of 1:00 pm, 6th Mar. 2019

| MYANPIX | 368.99 ▼ 7.62 |
| --- | --- |
| Total Volume (shares) | 11,218 |
| Total Value (MMK) | 40 mil |
| Listed Company | 5 |
| Market Cap. (MMK) | 503,753 mil |




| Name | Code | Price | Change |
| --- | --- | --- | --- |
| FMI | 00001 | 8,500 | ▼ 300 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,200 | ▼ 100 |
| FPB | 00004 | 21,500 | ▼ 500 |
| TMH | 00005 | 2,650 | ▲ 0 |

TIR